ကျောင်းစုကျေးရွာ
ပေါက်ကုန်းကျေးရွာအုပ်စု၊ ပွင့်ဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
(၂၀၂၇-၂၀၃၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကျောင်းစုကျေးရွာ၊ ပွင့်ဖြူမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

၁။ **စကားချီး**

၂။ **ကျောင်းစုကျေးရွာ ကျေးရွာသယံဇာတပြန်လည်ပုံ၊ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြုပုံ၊ပွင့်ဖြူမြို့နယ်**

၃။ **တည်နေရာနှင့် ပထဝီဝင် အနေအထား**

၄။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

၅။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

၆။ **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၇။ **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ **ပညာရေး**

၉။ **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

၁၀။ **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

၁၁။ **ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျောင်းစုကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်ကိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

အောက်တိုဘာလ ၂၀၂၆ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကျောင်းစုကျေးရွာ ပွင့်ဖြူမြို့နယ်


ပေါက်ကုန်းအုပ်စု ·ကျောင်းစုကျေးရွာ သယံဇာတမြေပုံ
ဧရာဝတီမြစ်
ဘုန်းတော်ကြီးကျောင်း
သိမ်
စေတီ
ဓမ္မာရုံ
စာသင်ကျောင်း
ရိုက်ခင်း


ပေါက်ကွဲနိုင်းကျေးငှာအုပ်ရ · ကျောင်းရကျေးဇူး · ကသိဘွင်ပြ ပြက္ခဒိန်

ဧားဆွဲသူ ကျောင်းစကျေးဇူးသူ · သားများ

အပြာရောမျက်	တနင်္ဂနွေ	ကအင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
ကသိဥတု												
အဝတ်အကိုင်	နွမ်းကြဲ	အေးမှုန်	ဆေးမှုန်	နွမ်းသိမ်း	တွန်ယက်မြီး၊ မျိုးဆောင်	ခဖျိုးခိုက်	ကုလားပဲ ခရမ်းပဲ	အေးမှုန်	အေးမှုန် ခြောက်ခြွင်း	ခေါ်ဝိုင်သိမ်	ပဲသိမ်	ကုလားပဲ ဆောင်ပဲသိမ်
ဓိသားရုတ်ရွေ့												
ဘသုံးစရိတ်												
ချေးရွေးပိုဒဟိတ္ထ	၅	၅	၅	–	၅	၅	၅	၅	၅	–	–	–
သောက်သုံးရေ												
ကျန်းမာရေး	ဝမ်းကျောက်	ဝမ်းကျောက်	–	ဆွေးမွန်းတုတ်ကွေး	ဆွေးမွန်းတုတ်ကွေး	–	–	–	–	တုတ်ကွေး	တုတ်ကွေး	–
ပိုးမွှားကျော်ရှိ	–			–	–	–				–	–	–
ပွဲတော်	သင်္ကြန်	ဘုကားပွဲ				–	မီးထွန်းပွဲ	ကထိန်ပွဲ	–	–	ဆင်္ကန်းပွဲ	–
သဘာဝဘေး	–	–	–	၅	၅	–	–	–	–	–	–	–
ဓိုတ်ပျိုးရေး												

ပေါက်ကွဲနိုးဘုပ်စု ... ကျောင်းသူကျေးဇူး

အမွဲ့ဒေသဦး ချိတ်ဆက်မှု ရေးဆဲ



၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပွင့်ဖြူမြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တွင် တည်ရှိပြီး မြောက်လတ္တီတွဒ်၂၀ ဒီဂရီ ၁၈မိနစ်နှင့် ၂၀ ဒီဂရီ ၁၉ မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၀ဒီဂရီ ၃၀ မိနစ်နှင့် ၉၄ ဒီဂရီ ၅၈ မိနစ် ကြားတွင် တည်ရှိ၍ ကျောင်းစုကျေးရွာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၈ မိနစ်ကြားတွင် တည်ရှိပါသည်။

ပွင့်ဖြူမြို့၏ အရှေ့ဘက်တွင် ရေနံချောင်းမြို့နှင့် အနောက်ဘက်တွင် ငဖဲမြို့နယ်နှင့် စေတုတ္တရာ တောင်ဘက်တွင် မင်းဘူးမြို့နယ်နှင့် မြောက်ဘက်တွင် စလင်းမြို့နယ်တို့ နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ကျောင်းစုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြစိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အရှေ့ မြောက်ဘက်တွင် ဧရာဝတီမြစ်ရှိပြီး ယာမြေ နှင့် လယ်မြေအချို့အား မြစ်ရေ(သို့) မဲဇလီဆည်မှ မြောင်းရေ ဖြင့်စိုက်ပျိုးကာ၊မွေးမြူရေးအနေဖြင့်နွားများကိုလယ်ယာလုပ်ငန်းခွင်သုံးရန်နှင့် ဝက်များ ကိုလည်း တပိုင်တနိုင်မွေးမြူကြပြီး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း များဖြစ်သော ဈေး ရောင်း၊ ဈေးဝယ်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပြီး ကျေးရွာမှထွက်ရှိသည့် သီးနှံများကို ကုန်းဇောင်းမြို့၊ ပွင့်ဖြူမြို့နှင့် မင်းဘူးမြို့သို့ သွားရောက်ရောင်းချကြပါသည်။

၄။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပွင့်ဖြူမြို့နယ်သည် မြေပြန့်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုနည်းသောဒေသ ဖြစ်သော်လည်း မျှတသော ရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်မှာ ၄၁ ˚C ရှိ၍ ဧပြီလတွင် အနိမ့်ဆုံး အပူချိန်မှာ ၁၄ ˚C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာရက် (၁၀၈)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ(၃၁.၅)လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာလနှင့် အောက်တိုဘာ လများ ဖြစ်ပါသည်၊ကျေးရွာ၏အရှေ့ဘက်တွင်ဧရာဝတီမြစ်ရှိသဖြင့် သဲနှင့်ကျောက်စရစ်များကို ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူရရှိနိုင်ပါသည်။

ကျောင်းစုကျေးရွာတွင် မိုးစပါးရာသီတွင် မြစ်ရေတက်၍ စပါးခင်းများရေဝင်၍ ပျက်စီးခြင်း၊ ရာသီဥတုမမှန်ကန်၍ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများ စနစ်မကျခြင်းများကြောင့် မြေဆီဩဇာခမ်းခြောက်မှု အသင့်အတင့်ရှိပြီး စိုက်ခင်းများ၌ ဖျက်ပိုးနှင့် ရောဂါများကျရောက်ပါက ထိန်းချုပ်မှုအားနည်းခြင်းကြောင့် သီးနှံအထွက်တိုးမှု လျော့နည်းပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်၊ ဘူးခွံ၊ ပုလင်းခွံများကို စနစ်တကျ စွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်သင့်ပါသည်။

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် ကျေးရွာလူမှုဖွံ့ဖြိုးရေးအသင်း (ကျား-၁၂-မ-၄)ဦး ၊လူငယ်အဖွဲ့ (ကျား-၁၂)ဦး၊ ကျောင်းကော်မတီအဖွဲ့ (ကျား - ၅ ၊ မ -၄)ဦး ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ (မ-၁၅)ဦး၊ ဘဝအလင်းရောင် ပရဟိတအဖွဲ့ (ကျား-၇)ဦး နှင့် ဂေါပကအဖွဲ့(ကျား-၇)ဦး တို့ရှိပြီး ကျေးရွာအတွင်းအဖွဲ့ အစည်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိပြီး ညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ယခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ကို ကျေးရွာသူ/ သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများသည် သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျောင်းစုကျေးရွာတွင် မြေယာမဲ့တောင်သူအိမ်ထောင်စုမှာ (၄၂)စု၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၃၂)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ဧကကြားရှိ တောင်သူငယ်(၁၇)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ ဧကကြားရှိ တောင်သူလတ်(၇)အိမ်ထောင်စု၊ ၁၂.၅ဧကအထက်ရှိ တောင်သူကြီး (၃) အိမ်ထောင်စု ရှိပါသည်။ စပါး၊ ပဲအမျိုးမျိုးနှင့် နှမ်းသီးနှံများကို အဓိကထား စိုက်ပျိုးကြပြီး စပါး (၁)ဧကလျှင် (၆၀)တင်းမှ (၉၀)တင်း၊ ပဲ(၁)ဧကလျှင် (၁၅)တင်းမှ (၁၀)တင်းနှင့် နှမ်း(၁)ဧကလျှင် (၁၅)တင်းမှ (၁၀)တင်း ထွက်ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် ရောင်းဝယ်ရေး၊ နေ့စား၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးမှာ မဲဇလီရေလွှဲဆည်မှ ရေကိုသာအဓိကအသုံးပြု စိုက်ပျိုးလုပ်ကိုင်ပြီး ဆည်ရေသောက်ဧက (၁၀၀)ဧကရှိပြီး ကျန်ရှိသည့် (၇၀)ဧက မှာ ကိုင်းမြေနှင့် ကျွန်းမြေများဖြစ်၍ စိုက်ပျိုးရေးသီးနှံများအတွက် အဝီစိတွင်း၊ စက်တပ်ရေတွင်းများကို အသုံးပြုကြပြီး ရာသီအလိုက် ရေကိုလုံလောက်စွာ ရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်စိုက်ပျိုးရန် နွားအပြင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၉)စီး၊ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၃)လုံးနှင့် မြက်ရိတ်စက် (၁၅)လုံးရှိပြီး ကျေးရွာနှင့် ပြင်ပမှ ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် အခြားဓါတုပိုးသတ်ဆေး၊ သီးနှံမျိုးစေ့များကိုလည်း နီးစပ်ရာ စိုက်ပျိုးရေးဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံ စျေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူများမှကိုယ်တိုင်ဖြစ်စေ ကုန်သည်ပွဲစားများမှဖြစ်စေရောင်း ချနိုင်ပါသည်၊ စိုက်ပျိုးရေးသွင်းအားစုများမှာ စျေးနှုန်းမြင့်မားသဖြင့် စိုက်ပျိုးရေးသွင်းအားစုများ

ထောက်ပံ့ပေးရန်လိုအပ်ပါသည်။လယ်ယာထွက်ကုန်များ အချိန်မီရိတ်သိမ်းနိုင်ရန်နှင့် စျေးကွက်သို့ အချိန်မီတင်ပို့နိုင်ရန်ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးအနေဖြင့် ကျေးရွာတွင် တစ်ပိုင်တစ်နိုင် နွားမွေးမြူသည့် အိမ်ထောင်စု(၆၀)စု၊ နွားကောင်ရေမှာ(၅၁)ကောင်၊ နို့စား နွားမွေးမြူသည့် အိမ်ထောင်စု(၁)စု၊ နွားကောင်ရေ မှာ (၂)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု(၆)စု၊ (၆)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၆၀)စု၊ (၂၅၁)ကောင်၊ဘဲမွေးမြူသည့် အိမ်ထောင်စု(၁)စု၊ ဘဲကောင်ရေမှာ(၅)ကောင် နှင့် ကျွဲမွေးမြူ သည့် အိမ်ထောင်စု (၁၂)စု (၂၆)ကောင် ရှိပြီး မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများ မသိရှိခြင်း ကြောင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်ငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများကို အသိပညာပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျောင်းစုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်း၊ စျေးဆိုင်နှင့် အရောင်း အဝယ်များလုပ်ကိုင်ခြင်း နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နေ့ လုပ်အားခနှုန်းထားမှာ အမျိုးသား အများဆုံး (၂၄၀၀၀) ကျပ်၊ အနည်းဆုံး (၂၀၀၀၀) ကျပ်၊ အမျိုးသမီးအများဆုံး (၂၀၀၀၀) ကျပ်၊ အနည်းဆုံး(၁၆၀၀၀)ကျပ်ခန့် ရရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း နည်းပညာ နှင့် အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ် လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေအရင်းအမြစ်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြင့် လယ်တစ်ဧကလျှင် (၃၀၀,၀၀၀)ကျပ် ထုတ်ချေးပေးလျက်ရှိပြီး အပြင်ပုဂ္ဂလိကမှငွေချေးသည့် အဖွဲ့အစည်းများမှ ချေးငွေများရယူခြင်းမပြုပဲ မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ စိုက်ပျိုးရေး၊မွေးမြူရေးဆောင်ရွက်နိုင်ရန် ချေးငွေများရယူ ဆောင်ရွက် လျက်ရှိပြီး၊ လုပ်ငန်းရှင်များထံမှလည်း လုပ်အားခများ ကြိုတင် ထုတ်ယူ၍ နေထိုင်စား သောက် ကြပါသည်။

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျောင်းစုကျေးရွာသည် ပွင့်ဖြူမြို့နှင့် (၁၆) မိုင်ခန့်ကွာဝေးကာ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြု၍ ကျောင်းသား/သူများသည် စက်ဘီးကိုကျောင်းတက်ရန် အသုံးပြုကြပါသည်။ ကျေးရွာတွင် စက်ဘီး(၅၃)စီး၊ မော်တော် ဆိုင်ကယ်(၅၅)စီး၊ ထော်လာကျီကား(၁)စီး တို့ဖြင့် သွားလာနေကြပြီး၊ ဧရာဝတီမြစ်ဘေးတွင်ရှိ၍ရေလမ်းခရီးအတွက် စက်လှေ(၁၃)စီး၊ လှေ(၁၅)စီးတို့ဖြင့်သွားလာကြပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်း ဖြစ်ပါသဖြင့် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိပါသဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော် မှထောက်ပံ့ငွေ ကျပ်သိန်း (၁၅၀)နှင့် ကျေးရွာလူထုမှ ပူးပေါင်းထည့်ဝင်ငွေတို့ဖြင့် ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကွန်ကရစ်လမ်းအဖြစ်သို့ရောက်ရှိ၍ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျောင်းစုကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးအသုံး ပြုသည့် အိမ်ခြေ(၁၀၁)စု အနက် အိမ်ထောင်စု(၅၃)စုသာ ကိုယ်ပိုင်မီတာများဖြင့် သုံးစွဲ၍ အိမ်ထောင်စု (၃၃)စုမှာ ဆိုလာ မီးသုံးစွဲကြကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို အိမ်ထောင်စု(၁၀၁) စုတွင် ဖုန်း(၇၄)လုံး၊ ရေဒီယို (၂) လုံး၊ တီဗွီ(၂)လုံးဖြင့် သတင်း အချက်အလက်ရယူပြီး အင်တာနက်လိုင်း အသုံးပြုမှုမှာ ဖုန်းများဖြင့် ချိတ်ဆက် ဆက်သွယ် အသုံးပြု လျက်ရှိပြီး ဖုန်းလိုင်းဆက်သွယ်ရေး အခက်အခဲ မရှိကြောင်းတွေ့ရှိရပါသည်။

၈။ ပညာရေး

ကျောင်းစုကျေးရွာတွင် မူလတန်းကျောင်းရှိရာ လက်ရှိပညာသင်ကြားနေသူဦးရေမှာ ကျောင်းသား(၁၅)ဦးနှင့် ကျောင်းသူ(၂၅)ဦး စုစုပေါင်း(၄၀)ဦးရှိပါသည်။ စာသင်ကျောင်းဆောင်မှာ (၆၀'x၃၀'x၂၀') နှင့် (၁၄'x၂၀'x၂၀') တစ်ထပ်ကျောင်းဆောင် (၂)ဆောင်ရှိပြီး ဆရာ/ဆရာမ (၅)ဦး ရှိပြီး လုံလောက်မှုရှိသောကြောင့် ပညာရေးတွင် အဆင်ပြေစွာ သင်ကြားနိုင်ပါသည်။ အထက်တန်း ကျောင်းသား/ သူများအနေဖြင့် ကျေးရွာ မှ (၆)မိုင်ခန့်ဝေးသော ကုန်းဇောင်းမြို့ အထက်တန်း ကျောင်းသို့ သွားရောက် ပညာသင်ကြားရပြီး ဘွဲ့ရဦးရေ အသင့်အတင့်ရှိသောကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူစွမ်းအား အရင်းအမြစ်ကောင်းများ ရှိကြပါ သည်။

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျောင်းစုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနများမရှိသော်လည်း ကုန်းဇောင်းမြို့ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှု နှင့် ကာကွယ် ဆေးထိုးနှံမှုများရှိကြောင်း ကျေးလက်ကျန်းမာရေးဌာနမှ (၃)လတစ်ကြိမ်

ကလေးများအား ရာသီအလိုက်၊ အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရ မှတ်တမ်း ရယူမှုများ ပြုလုပ်ပေးပါသည်။ ကျန်းမာရေးအနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် အအေးမိ၍ နှာစေး ၊ ချောင်းဆိုး ရောဂါများ အဖြစ်များကြပြီး တပေါင်းလတွင် ဝမ်းပျက်၊ ဝမ်းလျော ရောဂါများ ဖြစ်ပွားလေ့ရှိကြပါသည်။ ရာသီကူးပြောင်းမှုများ၌ တိရစ္ဆာန်များ ခွာနာ၊ လျှာနာ ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေး သင့်ပါ သည်။

သောက်သုံးရေရရှိမှုအနေဖြင့် ကျေးရွာရှိအိမ်ထောင်စု (၁၀၁)စုအနက် အဝီစိတွင်း/ စက်တပ်တွင်း သုံးစွဲသူ(၂၀)စုနှင့် အဝီစိတွင်း/ တုံကင်သုံးစွဲသူ (၃၃)စုမှာ ကိုယ်ပိုင်တွင်းများ ဖြစ်ကြပြီး ကျန်အိမ်ထောင်စုများမှာ အဆိုပါရေတွင်းများတွင် မျှဝေသုံးစွဲကြပါသည်။ ရေအရည်အသွေး စနစ်တကျ စမ်းသပ်စစ်ဆေးခြင်းမရှိသော်လည်း အသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ မိုးတွင်း ကာလများတွင် တစ်ခါတစ်ရံ ဝမ်းပျက်ဝမ်းလျော ရောဂါများဖြစ်ပွားတတ်မှုကြောင့် ရေသန့်စင်စက် လိုအပ်ပြီး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၁၀၁)စုရှိပြီး အိမ်တိုင်းနီးပါး ယင်လုံအိမ်သာသုံးစွဲကြသော်လည်း ကျန်းမာ ရေးအသိပညာပေးဟောပြောပွဲများ မရှိသောကြောင့် ကျန်းမာရေးအတွက် အသိပညာပေး ဟောပြော ပွဲများ အထူးလိုအပ်ကြောင်းတွေ့ရှိရပါသည်။

၁၀။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျောင်းစုကျေးရွာသည် ဧရာဝတီမြစ်ဘေးတွင်တည်ရှိ၍ မိုးရာသီ တွင်မြစ် ရေတိုက်စားမှု ခံရသဖြင့် နှစ်စဉ်မြစ်ကမ်းပါးပြိုခြင်း အန္တရာယ် ကြုံတွေ့နေရပြီး မြစ်နှင့် ပေ(၈၀၀)ခန့် ဝေးသဖြင့် မိုးရာသီတွင် လယ်၊ ယာ၊ ကိုင်းကျွန်း တို့တွင် စိုက်ပျိုးသီးနှံတို့မှာ မြစ်ရေတက်ခြင်းကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါ သည်။ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုကာကွယ် နိုင်ရန် ရေကာတာတည်ဆောက်ပေးရန်လိုအပ်လျက်ရှိပါသည်။

၁၁။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျောင်းစုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် တန်ခူးလတွင် ပဋ္ဌာန်းပူဇော်ပွဲနှင့် ရာသီအလိုက် သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ မီးထွန်းပွဲများစသည့် သာရေး၊ နာရေးများတွင်လည်း အမျိုးသား၊ အမျိုးသမီးများ အားလုံး ပါဝင်ဆောင်ရွက်ကြပြီး ရပ်ရွာအကျိုး ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ဦးဆောင် ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆုံးဖြတ်ပိုင်ခွင့် များတွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါ သည်။ကျေးရွာတွင် ကျေးရွာဆိုင်ရာအစည်းအဝေးပွဲများနှင့် ဟောပြောပွဲများ ဆောင်ရွက်နိုင်ရန် ဘက်စုံသုံးခန်းမတည်ဆောက်ရန်လိုအပ်လျက်ရှိပါသည်။

ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောင်းစုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကဏ္ဍအလိုက် ဦးစားပေးစီမံချက်များစာရင်း

စဉ်	ကျေးရွာ	ကဏ္ဍအမည်	စီမံချက်	ဦးစားပေးအဆင့်	အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း	မှတ်ချက်
၁	ကျောင်းစု	အခြေခံအဆောက်အအုံ	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	ကျေးလက်ဦးစီး	
၂		အခြေခံအဆောက်အအုံ	မြစ်ကမ်းပါးရေကာတာဆောက်ခြင်း	၂	မြစ်ချောင်းဖြိုးဦးစီးဌာန	
၃		ပညာရေး	ကျောင်းဆောင်ဟောင်းပြုပြင်တိုးချဲ့ခြင်း	၃	ပညာရေးဌာန	
၄		အခြေခံအဆောက်အအုံ	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၄	ကျေးလက်ဦးစီး	
၅		အသက်မွေးဝမ်းကျောင်း	အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း	၅	ကျေးလက်ဦးစီး	
၆		အခြေခံအဆောက်အအုံ	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၆	ကျေးလက်လမ်းဦးစီးဌာန	
၇		စိုက်ပျိုးရေး	စိုက်ပျိုးရေးသွင်းအားစုများရရှိရေးဆောင်ရွက်ခြင်း	၇	စိုက်ပျိုးရေးဦးစီးဌာန	

နောက်ဆက်တွဲ(၁)

ပေါက်ကုန်းကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	ကော်မတီဝင်အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းဌေး	ဦးလှမြင့်	၈/ပဖန(နိုင်)၁၂၆၉၀၄	၄၁	ဥက္ကဋ္ဌ	၀၉-၂၅၇၁၇၇၁၂
၂	ဦးဘိုတင့်	ဦးစိန်သောင်း	၈/ပဖန(နိုင်)၀၃၇၃၄၆	၅၅	ဥက္ကဋ္ဌ (ဝယ်ယူရေး)	၀၉-၇၈၀၈၅၄၄၆
၃	ဒေါ်လှလှမော်	ဦးမြင့်ဆွေ	၁၁/တကန(နိုင်)၀၉၄၈၂၂	၄၃	အတွင်းရေးမှူး	၀၉-၈၉၃၈၂၆၃၉၀
၄	ဦးအောင်တင်ဝင်း	ဦးချစ်မောင်	၈/ပဖန(နိုင်)၀၇၄၁၁၅	၄၈	စာရင်းကိုင်	၀၉-၂၅၄၄၁၃၃၆
၅	ဒေါ်ဇင်မာဝင်း	ဦးဝင်းအေး	၈/ပဖန(နိုင်)၀၉၄၁၈၇	၄၃	ဘဏ္ဍာရေးမှူး	၀၉-၈၉၅၄၆၅၁၁၈
၆	ဦးမျိုးမြင့်	ဦးစံလှဖြူ	၈/ပဖန(နိုင်)၀၃၀၃၉၀	၂၉	အဖွဲ့ဝင်	၀၉-၄၅၉၇၀၃၇၂၂
၇	ဒေါ်ဇင်မာနိုင်	ဦးသန်းမြင့်	၈/ပဖန(နိုင်)၁၅၄၃၀၁	၃၅	အဖွဲ့ဝင်	၀၉-၆၇၁၃၅၅၇၅၉၈

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	မသန်စွမ်းသူ အရေအတွက်	
				ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်				
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂	၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃	၁၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၂	၂၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၄	၁၄၄		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၁၂		
စုစုပေါင်း		**၁၈၆**	**၁၉၀**		
စုစုပေါင်း အိမ်ထောင်စု		**၁၀၁**			

လေ့လာတွေ့ရှိချက်။ ။ကျောင်းစုကျေးရွာတွင် အိမ်ထောင်စု (၁၀၁)စုတွင် လူဦးရေ စုစုပေါင်း (၃၇၆)ဦး၊ ကျား(၁၈၆)ဦး၊ မ(၁၉၀)ဦးရှိပါသည်။တစ်အိမ်ထောင်စုလျင်ပျမ်းမျှလူဦးရေ (၃.၇)နှုန်းရှိသဖြင့် တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေ (၅)ယောက်နှုန်းအောက်လျော့နည်း နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၅၄)ဦး၊ မ(၁၄၄)ဦး ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းလုပ်ကိုင်နိုင် သူများပြားပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေများပြားသည့်အတွက် ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် နည်းပညာများထောက်ပံ့ပေးမည်ဆိုပါက လူနေမှုစီးပွားဘဝများ မြင့်တက်လာမည်ဟု လေ့လာတွေ့ရှိရပါသည်။

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၆၀	၉၀	၇	၅၀	၄၀		မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၁	၇၇	၅	၃၃	၃၄		မြင့် ☐ လတ် ☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၇၀	၆၀	၈	၆၅	၅၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၅		၃	၂		မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /							မြင့် □

	ဝန်ထမ်း							လတ် ☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၀		၃	၇		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							

	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်							မြင့် □

	လုပ်ငန်း							လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☑ နိမ့် ☐
		၁၀၁	၁၆၇	၂၀	၁၅၁	၁၂၆		

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် အိမ်ထောင်စု(၁၀၁)စုတွင် စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်သည့်အိမ်ထောင်စု(၆၀)စုနှင့် လက်လီ/လက်ကားရောင်းဝယ်ရေးအိမ်ထောင်စု (၆)စုရှိပြီး မိသားစုအဓိကဝင်ငွေရမဟုတ်သည့် လုပ်ငန်းအနေဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၇၀)စု ရှိသည်ကိုတွေ့ရှိရပါသည်။ ကျောင်းစုကျေးရွာသည် စိုက်ပျိုးရေးအနေဖြင့်စပါး ကိုသာအဓိကစိုက်ပျိုးကြပြီး ကျပန်းအလုပ်လုပ်ကိုင်သူများမှာလည်း မွေးမြူရေးကိုလည်း တွဲဖက် လုပ်ကိုင်ကြပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၄၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	0	0	0	0
စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	0	0	0	0
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	0	0	0	0
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	0	0	0	0
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	0	0	0
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	0	0	0	0
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နေ့လုပ်အားခ နှုန်းထားမှာ အမျိုးသားအများဆုံး (၂၄၀၀၀)ကျပ်၊ အနည်းဆုံး(၂၀၀၀၀)ကျပ်၊ အမျိုးသမီးအများဆုံး (၂၀၀၀၀)ကျပ်၊ အနည်းဆုံး(၁၆၀၀၀)ကျပ်၊ ပုံမှန်အလုပ်လုပ်ကိုင်လိုသူများ လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတတ်မြောက်ထားရန်လိုအပ်ကြောင်းလေ့လာ တွေ့ရှိရ ပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး
လယ်မြေ	၁၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၀	ကောင်း ☐ သင့် ☐ ညံ့ ☐

ဥယျာဉ်ခြံမြေ	0.00	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ	၇၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ဓနိတောမြေ	0.00	ကောင်း ☐သင့် ☐ ညံ့ ☐
စားကျက်မြေ	0.00	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်မြေလပ်	0.00	ကောင်း ☐သင့် ☐ ညံ့ ☐
စုစုပေါင်း	**၁၇၀**	

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် စိုက်ပျိုးမြေအားလုံး၏ မြေဆီလွှာ အရည်အသွေး အတင့်အသင့်ရှိပြီး လယ်မြေများမှာ ဆည်ရေ စိုက်ပျိုးကြပါသည်။ လယ်စိုက်ပျိုးသည့် ဧကမှာ(၁၀၀)ဧက၊ ကိုင်းကျွန်းမြေဧကမှာ(၇၀)ဧက ရှိပါသဖြင့် စုစုပေါင်း ဧက (၁၇၀)ဧက ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု**	**အသုံးချ နိုင်မှု**	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင် အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ထွက်ရှိခြင်းမရှိပါ။ သဲများကို ပေ(၈၀၀)ခန့်ဝေးသည့် ဇရာဝတီမြစ်မှရရှိပြီး မြစ်နှင့် နီးသောကြောင့် မြေပေါ်ရေနှင့် မြေအောက်ရေ ရရှိမှုလွယ်ကူပြီး သဘာဝဆေးဘက်ဝင်အပင်မျိုးစိတ်အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၆၀	၂၀	၆

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် ပြေလည်သော အိမ်ထောင်စုမှာ(၁၅)စု၊ အသင့်အတင့် အိမ်ထောင်စုမှာ(၆၀)စုရှိပြီး မပြေလည်သောအိမ်ထောင်စုမှာ (၂၀)စု အလွန်မပြေလည်သော အိမ်ထောင်စုမှာ(၆)စု ရှိပါသည်။ စီးပွားရေးကောင်းမွန်သော အိမ်ထောင်စုမှာ အနည်းငယ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ စိုက်ပျိုးရေး၊မွေးမြူရေး၊ လက်လုပ်လက်စားနှင့် ကျပန်းအလုပ်များကို ရာသီအလိုက်လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၈	၃	အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0 အထောက်အပံ့ယူ = 0 ချေးယူ = ၂၀ လုပ်အားခကြိုယူ = 0
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0 အထောက်အပံ့ယူ = 0 ချေးယူ = 0 လုပ်အားခကြိုယူ = 0
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0

			အထောက်အပံ့ယူ = 0 ချေးယူ = 0 လုပ်အားခကြိုယူ = 0

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် (၃) လအောက်ဝမ်းစာဖူလုံမှု အိမ်ထောင်စု (၂၀)စုတွင် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၃)စုရှိပြီး ချေးယူစားသောက်ခြင်းဖြင့် ဖြေရှင်းနေကြ၍ ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှုနှင့် ဖြလမှ၁၂ အထိဝမ်းစာဖူလုံသည့် အိမ်ထောင်စုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်		
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်		
	အိမ်ထောင်စု အရေအတွက်	
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု		

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကို	စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်

	သာရွေးရန်)			လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
မြစ်ရေကြီးမှု	☐	☐	☑	☑	☐	☐
လျှပ်တပြတ်ရေကြီးခြင်း	☐	☐	☑	☑	☐	☐
မုန်တိုင်းဒီရေ	☐	☐	☐	☐	☐	☐
ဆူနာမီ	☐	☐	☐	☐	☐	☐
တိုင်ဖုန်းမုန်တိုင်း	☐	☐	☐	☐	☐	☐
လေဆင်နှာမောင်း	☑	☐	☐	☑	☐	☐
ငလျင်	☑	☐	☐	☑	☐	☐
အပူလှိုင်း	☑	☐	☐	☑	☐	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☐	☐	☐	☐	☐	☐
အအေးလှိုင်း	☐	☐	☐	☐	☐	☐
မိုးသီးကြွေကျမှု	☐	☐	☐	☐	☐	☐
မိုးခေါင်ခြင်း	☐	☐	☑	☑	☐	☐
တောမီးလောင်ခြင်း	☐	☐	☐	☐	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☐	☐	☑	☑	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☐	☐	☑	☑	☐	☐
မြေပြိုခြင်း	☐	☐	☐	☐	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ						

စားနပ်ရိက္ခာမဖူလုံမှု	☐	☑	☐	☑	☐	☐
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☐	☐	☐	☐	☐	☐
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☐	☐	☐	☐	☐	☐
သစ်တောပြုန်းတီးခြင်း	☐	☐	☐	☐	☐	☐
ငှက်ဖျားရောဂါ	☐	☐	☐	☐	☐	☐
တီဘီရောဂါ	☐	☐	☐	☐	☐	☐
ကိုယ်ခံအားကျဆင်းမှုရောဂါ	☐	☐	☐	☐	☐	☐
ကပ်ရောဂါ	☑	☐	☐	☑	☐	☐
ပြည်တွင်းပဋိပက္ခ	☐	☐	☐	☐	☐	☐
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☐	☐	☐	☐	☐	☐
လူကုန်ကူးခြင်း	☐	☐	☐	☐	☐	☐
ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် ဧရာဝတီမြစ်နှင့်ပေ (၈၀၀)ခန့်ဝေးပြီး လယ်ယာမြေများနှင့် ကပ်လျက်ရှိပြီး လျှပ်တစ်ပျက်ရေကြီးလျှင် ထိခိုက်မှုများပြီး၊ သဘာဝဘေးအန္တရာယ်များအနေဖြင့် မြစ်ကမ်းပါးပြိုခြင်း၊ ငလျင်အသေးစားလှုပ်ခြင်း၊ ရေကြီးမှုတို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)

သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
လူငယ်	☑	☐	☐	☑	☐	☐
အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	☑	☐	☐	☐	☑	☐
ဆင်းရဲသားတောင်သူ	☐	☑	☐	☐	☑	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	☑	☐	☐	☑	☐	☐
ပင်လယ်/မြစ်ကမ်းဘေးနေထိုင် သူများ	☐	☑	☐	☑	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)	☐	☐	☐	☐	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☑	☐	☐	☑	☐	☐
ငါးကန်ပိုင်ရှင်များ	☐	☐	☐	☐	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☑	☐	☐	☑	☐	☐
လူနည်းစုလူမျိုးများ	☐	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင် သူများ	☐	☐	☐	☐	☐	☐
နယ်စပ်ဒေသတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ရွှေတွင်းလုပ်သားများ	☐	☐	☐	☐	☐	☐
လှည့်လည်သွားလာ၍စျေးရောင်းသူ များ	☐	☑	☐	☑	☐	☐

နေရပ်ပြန်အခြေချသူများ	☑	☐	☐	☑	☐	☐
ရွှေ့ပြောင်းလုပ်သားများ	☑	☐	☐	☑	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☑	☐	☐	☑	☐	☐

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် သဘာဝဘေးထိခိုက် သက်ရောက်လွယ်မှု ခံရနိုင်သော အိမ်ထောင်စုမှာ (၁၀)စု ခန့်ရှိပြီး မိုးတွင်းကာလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်လေ့ရှိသည်။ ကျေးရွာရှိ အိမ်ထောင်စု (၁၅) စုမှာ စီးပွားရေး အသင့်အတင့်ရှိပြီး ကျန်အိမ်ထောင်စု များမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လက်လုပ်လက်စားများဖြစ်ပြီး အခြားဒေသသို့ လှည့်လည် ဈေးရောင်းရသည့် အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂ ☑ ၃ ☐	၁၂		၁၂	☐ ပညာရေး ☐ဘွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ ကောင်း ☐ သင့် ☐ ညံ့
၂	ဘာသာရေးဝတ်အသင်း	၁☑၂ ☐ ၃ ☐		၁၅	၁၅	☐ ပညာရေး ☐ဘွေကြေး ☐ ကျန်းမာရေး	☑ ကောင်း ☐ သင့် ☐ ညံ့

						☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး	
၃	ဘဝအလင်းရောင် ပရဟိတ အဖွဲ့	၁☐၂ ☐ ၃ ☐	၇			☐ ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၄	လူငယ်အဖွဲ့	၁☑၂ ☐ ၃ ☐	၁၂		၁၂	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၅	ဂေါပက အဖွဲ့	၁☑၂ ☐ ၃ ☐	၇		၇	☐ ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့်	☑ ကောင်း ☐ သင့် ☐ ညံ့

						ကာကွယ်ရေး	
၆	ကျောင်း ကော်မတီ အဖွဲ့	၁☑၂ □ ၃ □	၅	၄	၉	☑ပညာရေး □ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □လုံခြုံရေးနှင့် ကာကွယ်ရေး	

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် (၆)ဖွဲ့ရှိပါသည်။ အဆိုပါ အဖွဲ့များအနေဖြင့် အချင်းချင်းချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုအနေဖြင့် စည်လုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်မှုအားကောင်းကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)**	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)**
၁	စိုက်/ဘဏ်	၁□ ၂ □၃ □ ၄□ ၅☑၆□၇□	□ ပညာရေး □ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး
၂		၁□ ၂ □၃ □ ၄□ ၅□၆□၇□	□ ပညာရေး □ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး
၃		၁□ ၂ □၃ □ ၄□	□ ပညာရေး □ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး

		၅□၆□၇□	□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် အစိုးရစိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေရယူသုံးစွဲကြပြီး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး၊ အခြားအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ငွေချေးသော အဖွဲ့များမရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
မြေယာမဲ့	၄၂	၈	မြေယာမဲ့
၂.၅ဧကအောက်	၃၂	၄	ဆင်းရဲသားတောင်သူ
၂.၅ဧကမှ၅ဧကကြား	၁၇	၁	တောင်သူငယ်
၅ဧကမှ၁၂.၅ဧကကြား	၇	၁	တောင်သူလတ်
၁၂.၅ဧကအထက်	၃	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း	၁၀၁	၁၅	

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် အိမ်ထောင်စု (၁၀၁)စု ရှိပြီး မြေယာမဲ့အိမ်ထောင်စု (၄၂)စု ရှိကာ အဆိုပါအိမ်ထောင်စုများ အနေဖြင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး မြေပိုင်သူများအနေဖြင့် စိုက်ပျိုးရေးအား အဓိကထားစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက်	တစ်နှစ်ပတ်လုံး/	လုံလောက်မှု	လွန်ခဲ့သော(၁၀)နှစ်

	(ဧက)	ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ဆည်	၁၀၀	☐တစ်နှစ်ပတ်လုံး ☑ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
ရေလွှဲဆည်	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
မြစ်ရေတင်	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေသွင်းမြောင်း	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
အဝိစိတွင်း	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
လက်ငင်းရေတွင်း	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
စိမ့်စမ်းရေ	0.00	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ချောင်းရေ		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ

လေ့လာတွေ့ရှိချက် ။ ကျောင်းစုကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း(၁၇၀)ဧကရှိပြီး လယ်မြေ(၁၀၀)ဧကမှာ မိုးစပါး၊ နွေစပါး ကိုမဲဇလီရေလွှဲဆည်မှ လုံလောက်စွာ ရရှိကြောင်း တွေ့ရှိရ ပါသည်။ ကျန်ရှိသည့်(၇၀)ဧကမှာ ကိုင်းကျွန်းမြေဖြစ်ပြီး သဘာဝမိုးရေကို အသုံးပြု၍ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၀၀	တင်း	၆၀	၉၀	၈၀	စက်တင်ဘာ	ဒီဇင်ဘာ	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☑လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်
ပဲ	၇၀	တင်း	၁၀	၁၅	၁၂	ဒီဇင်ဘာ	မတ်	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐လတ် ☑ နိမ့်	☐ မြင့် ☑ လတ် ☐ နိမ့်
နှမ်း	၈၀	တင်း	၁၀	၁၅	၁၂	ဧပြီ	ဇူလိုင်	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐လတ် ☑ နိမ့်	☐ မြင့် ☑ လတ် ☐ နိမ့်

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် အဓိကသီးနှံဖြင့် စပါး၊ ပဲ၊ နှမ်းများ စိုက်ပျိုးကြပါသည်။ သီးနှံထွက်နှုန်းမှာ အသင့်အတင့်ရှိပြီး သွင်းအားစုလိုအပ်ချက် မြင့်မားသောကြောင့် အကျိုးအမြတ် ရရှိမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်း လုပ်ကိုင်နေသော

				တောင်သူ အရေအတွက်
ထွန်စက်	၁	0	0	၅၉
လက်တွန်းထွန်စက်	၉	0	0	၅၀
အစေ့ချကိရိယာ	0	0	0	0
ရိတ်သိမ်းခြွေလှေ့စက်	0	0	0	0
ရိတ်သိမ်းစက်	0	0	0	0
ခြွေလှေ့စက်	၁	0	0	၄၆
ရေစုပ်စက်	၃	0	0	0
ခြေနင်းရေတင်စက်	0	0	0	0
မြက်ရိတ်စက်	၁၅	0	0	၁၈

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၉)စီး၊ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၃)လုံး၊ မြက်ရိတ်စက်(၁၅)လုံးရှိပါသည်။ တစ်ချို့အိမ်ထောင်စုများအနေဖြင့် နွားများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ ထွန်စက်များငှားရမ်းအသုံးပြုပြီး ရိတ်သိမ်းချိန်တွင် ခြွေလှေ့စက်များငှားရမ်းအသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။ ဇယား ၂၀နှင့် ၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	☐အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ

လယ်ယာမြေအသုံးချနိုင်မှု	☐အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	☐ပေါများ ☑ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	☐အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	☐မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☐မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြား အော်ဂဲနစ် သွင်းအားစုများ	☐လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	☐လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	☐အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	☐အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	☐သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်း မှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☑ သီးနှံများကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် စိုက်ပျိုးမြေအားလုံး စိုက်ပျိုးအသုံးပြု နိုင်ပါသည်။ ရာသီဥတုကြောင့် ဖြစ်ပေါ်သည့်ဖျက်ပိုးများ ကျရောက်သည့်အခါ သီးနှံများထွက်နှုန်း လျော့နည်းပါသည်။ နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ သုံးစွဲကြကြောင်း လေ့လာတွေ့ရှိပြီး လုပ်သားရှားပါးမှု မရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	☐ မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	☐ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☑ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ လပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	☐အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑မဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	☐သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☑ မဖြေဆိုပါ

ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	☐ ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက် သောသတင်းအချက်အလက်လက်လှမ်းမီမှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် တစ်ခါတစ်ရံ ရာသီဥတုမမှန်ကန်မှုကြောင့် သီးနှံဆုံးရှုံးမှု ဖြစ်ပေါ်တတ်ပြီး သီးနှံဖျက်ပိုးများလည်း အနည်းငယ်ကျရောက်ပါသည်။ မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ ဝယ်ယူရရှိနိုင်ပြီး လုပ်သားရှားပါးမှု အနည်းငယ်သာ ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	၂၅	၅၁
နို့စားနွား	၁	၂
ကျွဲ	၁၂	၂၆
မြင်း		
မြည်း		
လား		
ဆိတ်		

သိုး		
ဝက်	၆	၆
ကြက်	၆၀	၂၅၁
ဘဲ	၁	၅
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

လေ့လာတွေ့ရှိချက်။ ကျောင်းစုကျေးရွာတွင် မွေးမြူရေးအနေဖြင့် အသင့်အတင့် မွေးမြူကြပြီး ကြက်၊ ဝက်၊ ဘဲများအား တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး၊နွားနှင့်ကျွဲများကိုစိုက်ပျိုးရေး လုပ်ငန်း အတွက် အသုံးပြုရန် မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

